# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး

စာအမှတ်၊ ပဆ-၃/ (ဥပဒေ-IWT) ၂၀၁၉ (၁၆၄ )
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

အကြောင်းအရာ။ **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနည်းဥပဒေများ ပေးပို့ခြင်း**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ရက် (ကြာသပတေးနေ့)တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)၏ သဘောတူညီချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၉)ဖြင့် ထုတ်ပြန်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနည်းဥပဒေများကို သိရှိနိုင်ပါရန် ပူးတွဲပေးပို့အပ်ပါသည်။

(လက်မှတ်)

ပြည်ထောင်စုဝန်ကြီး ( ကိုယ်စား)
ဝင်းခန့် - အမြဲတမ်းအတွင်းဝန်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီရုံး

\\Motdata\F\WATER\2019\WT\50-PA SA (NYA - LAW) .doc

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

မိတ္တူကို -

- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၄၉ /၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ဆိုသည်။

(ခ) **ပြည်တွင်းရေကြောင်း** ဆိုရာတွင် ရေယာဉ်များသွားလာနိုင်သော နိုင်ငံတော်အတွင်းရှိ မြစ်၊ ချောင်း၊ တူးမြောင်းနှင့် ကန်တို့ကိုဆိုသည်။ ယင်းစကားရပ် တွင် နိုင်ငံတော်၏ ကမ်းရိုးတန်းရေကြောင်းလည်း ပါဝင်သည်။

## အခန်း (၂)

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်း

၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရာ၌ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပုံကို ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းလိုပါက အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်သည်။

၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံပါ ဝန်ထမ်းများက တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

## အခန်း(၃)

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော်အတွင်း မြစ်ကြောင်းများနှင့် မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက် ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဥပဒေအရ အခြား ဆက်စပ်သည့် ရေယာဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ အစီအစဉ်ဖြင့်ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များဖြင့် ဖြစ်စေ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်သည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် သင်္ဘောကျင်းလုပ်ငန်းများနှင့် ရေယာဉ်တည် ဆောက် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ အစီအစဉ်ဖြင့် ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များဖြင့်ဖြစ်စေ အကျိုးတူ ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်း များအတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူဖြည့်တင်းရာတွင် နိုင်ငံတော်ကချမှတ်ထား သောလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူဖြည့် တင်းခြင်း ဆောင်ရွက်နိုင်သည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ် တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ရာတွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ အစီအစဉ်ဖြင့် ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များဖြင့် ဖြစ်စေ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်သည်။

၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝင်ငွေနှင့်အကျိုးအမြတ် တိုးပွားစေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊

မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာ လုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်သော ကိစ္စရပ်များကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်နိုင်သည်။

၁၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အစိုးရအဖွဲ့ကဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ် အရဖြစ်စေ ပေးအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်က သတ်မှတ် ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုနှုန်းများ၊ လုပ်ခနှုန်းများ၊ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်မှုဝန်ဆောင်ခနှုန်းများ၊ ရေယာဉ်ငှားရမ်းခ နှုန်းထားများကို ဈေးကွက် လိုအပ်ချက်နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်ရှိသည်။

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလိုသည့် ပိုလျှံ ပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဤနည်းဥပဒေပါ အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန်လိုအပ်သော ကိစ္စများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ရမည်။

၁၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံအတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြစ်တွင်းနှင့် ကမ်းရိုးတန်း ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၁၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ခရီးစဉ်အသစ် ပြေးဆွဲခြင်း၊ ခရီးစဉ်များပြောင်းလဲခြင်းနှင့် ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေနှင့် ဤနည်းဥပဒေများအပြင် အခါအားလျော်စွာ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းနှင့်သက်ဆိုင်သော တင်ပြသည့် ကိစ္စများကို အစည်းအဝေးသို့ တက်ရောက်လာသည့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များအနက် အများစု၏ ဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၉။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးများတွင် ဆုံးဖြတ်သည့်ကိစ္စများ၌ အငြင်းပွားဖွယ်ရာကိစ္စများ ရှိနေပါက စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၂၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှန်တကယ် အန္တရာယ်ရှိနိုင်သော အရေးပေါ်အခြေအနေများတွင် စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

## အခန်း (၅)

## ရေယာဉ်ဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သော လက်မှတ်အမျိုးအစားများကို သတ်မှတ်ထားရှိနိုင်သည်။

၂၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည့် ခရီးသည်များသည် ခရီးသည်လက်မှတ်နှင့် စပ်လျဉ်း၍ ဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း(၆)

## ရေယာဉ်ဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်အမျိုးအစားအလိုက် ခွင့်ပြုထားသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း(၇)

## ဘဏ္ဍာရေး၊ငွေရေးကြေးရေးနှင့် စာရင်းများ

၂၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဘဏ္ဍာရေး ငွေရေးကြေးရေးနှင့် စာရင်းများ ဆောင်ရွက်ရာတွင် ဥပဒေ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည် ဖြစ်သည့်အပြင် နိုင်ငံတော်က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း(၈)

## အထွေထွေ

၂၅။ အငှားချထားခြင်းခံရသူသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ရေယာဉ်များ နစ်မြုပ်မှု ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍-

(က) မည်သည့်နေရာ၊မည်သည့်အချိန်၊ မည်သည့်အတွက် နစ်မြုပ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ ချက်ချင်း အကြောင်းကြားရမည်။

(ခ) အကယ်၍ ရေယာဉ်များ ခုတ်မောင်းသွားလာသည့် ရေလမ်းကြောင်းတွင် ပိတ်ဆို့နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ချက်ချင်းဆယ်ယူ ဖယ်ရှားရမည်။

(ဂ) ချက်ချင်းဆယ်ယူ ဖယ်ရှားခြင်းမပြုသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ဆယ်ယူဖယ်ရှား ပေးရပါက ကျသင့်ကုန်ကျစရိတ်ကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသို့ ပေးဆောင်ရမည်။

၂၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများတွင် သင်္ဘောကျင်းလုပ်ငန်းများနှင့် ဆက်စပ်သော လုပ်ငန်းအဝဝကို ဆောင်ရွက်ရာတွင် နိုင်ငံတော် ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။

၂၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စများတွင် ငွေကြေး အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးရာတွင် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရေး လျှောက်ထားရန် စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၂၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့် ရရှိသူ၊ အငှားချထားခြင်းခံရသူက သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သောအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းများကို အငှားချထားရာတွင် ငှားရမ်းအသုံးပြုစဉ်ကာလအတွင်း အသုံးပြုသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှု ကိစ္စအရပ်ရပ်အား အငှားချထားခြင်း ခံရသူက တာဝန်ယူဆောင်ရွက်ရမည်။

သန့်စင်မောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန